(ရုံးတွင်းစာအကျဉ်းချုပ် (သို့တည်းမဟုတ်) စာကြမ်းရေးရန်စာရွက်)

ရက်စွဲ၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလ (     ) ရက်

အကြောင်းအရာ။ **TARIFF AND DUES ပါ ဝန်ဆောင်ခနှုန်းထားများ ပြင်ဆင်ကောက်ခံရန်ကိစ္စ။**

ရည်ညွှန်းချက်။ ၆ . ၉ . ၂၀၁၁ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ရည်ညွှန်းပါအစည်းအဝေးမှ အတည်ပြုပြီး ဖြစ်သည့် TARIFF AND DUES ပါ ဝန်ဆောင်ခနှုန်းထားများ ပြင်ဆင်ကောက်ခံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကဆိပ်ကမ်းများနှင့် နိုင်ငံသားပိုင် သင်္ဘောလိုင်းများသို့ပေးပို့မည့် စာကြမ်း/စာချော အား လက်မှတ်ရေးထိုးပေးပါရန် တင်ပြအပ်ပါသည်။

ဘီဘီ

(စာရင်းကိုင်ချုပ်)

ဦးဆောင်ညွှန်ကြားရေးမှူး

အထွေထွေမန်နေဂျာမှတစ်ဆင့်

စာအမှတ်၊ ၅/စ (၃) စာရင်း /        / ၂၀၁၁။

ရက်စွဲ၊ ၂၀၁၁ခုနှစ် အောက်တိုဘာလ (    ) ရက်။

အကြောင်းအရာ။ **TARIFF AND DUES ပါ ဝန်ဆောင်ခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း ။**

၁။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ၁၉၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် TARIFF AND DUES ပါ ဝန်ဆောင်ခနှုန်းထားများသည် အမေရိကန်တစ်ဒေါ်လာလျှင်(၆)ကျပ်နှုန်းခန့်နှင့် သတ်မှတ်တွက်ချက်ခဲ့ခြင်းကြောင့်TARIFF AND DUESပါ မြန်မာကျပ်ငွေနှုန်းထားများသည် ခေတ်ကာလနှုန်းထားများနှင့်နှိုင်းယှဉ်ပါက လိုက်လျောညီထွေမှု မရှိတော့သည့်အပြင်ယခုအခါ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရန်နှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းထားကို ခေတ်ကာလနှင့် လျော်ညီစွာ ပြောင်းလဲသတ်မှတ်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ (၆.၉.၂၀၁၁)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၁) အစည်းအဝေးဆုံးဖြတ်ချက်အရ အပြည်ပြည်ဆိုင်ရာသွား ပင်လယ်ကူး

သင်္ဘောကြီးများ၏ ဆိပ်ကမ်းဝန်ဆောင်ခများကို လက်ရှိပြဋ္ဌာန်းထားသည့် TARIFF AND DUESပါ ကျပ်ငွေနှုန်းထားများဖြင့် ကောက်ခံခြင်းများကို ပယ်ဖျက်၍ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာနှုန်းထားဖြင့်သာ သတ်မှတ် ကောက်ခံသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးမြန်မာကျပ်ငွေဖြင့် ကောက်ခံရမည့်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက နိုင်ငံခြားငွေဖြင့် သတ်မှတ်နှုန်းထားများအရ မကြာမီ နိုင်ငံတော်အစိုးရမှ ပြောင်းလဲသတ်မှတ်ပေးမည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက် ကောက်ခံသွားမည်ဖြစ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းကို တရားဝင်ပြောင်းလဲသတ်မှတ်ခြင်းမပြုမီ ကာလအတွင်း နေ့စဉ်ပြင်ပ ဈေးကွက်လဲလှယ်နှုန်းထားဖြင့်တွက်ချက်ကောက်ခံသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာန ၊ အလုပ်အမှုဆောင် အဖွဲ့အစည်း အဝေးအမှတ်စဉ် (၈/၂၀၁၁)မှ ဆုံးဖြတ်ပြီးဖြစ်သည့် နောက်ဆက်တွဲ (က)နှင့်(ခ)ပါ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဝန်ဆောင်ခနှုန်းထားများကို ၁၉၉၈ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် က ပြဋ္ဌာန်းခဲ့သည့်TARIFF ANDDUES ပါ နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာနှုန်းထားများဖြင့်သာ ၁.၁၁.၂၀၁၁နေ့မှစတင်၍ ကောက်ခံသွားမည် ဖြစ်ပကြောင်း အကြောင်းကြားအပ်ပါသည်။

(ချိုသန်းမောင်)

ဦးဆောင်ညွှန်ကြားရေးမှူး

**ဖြန့်ဝေခြင်း**

- Asia World Port ManagementCompany Limited
- Myanmar Industrial Port
- Myanmar International Terminal Thilawa
- Myanmar Integrated Port Limited
- Lann Pyi Marine Company Limited
- Myanma Five Star Line
- Kaung Myanmar Aung Shipping Company Limited

မိတ္တူကို -

- ပို့ဆောင်ရေးဝန်ကြီးဌာန
- မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (က) စာရင်းဝင်အားလုံး
- ရုံးလက်ခံ
- မျှောစာတွဲ

နောက်ဆက်တွဲ (က)

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်ထားသည့် TARIFF AND DUES ပါ မြန်မာကျပ်ငွေ နှုန်းထားဖြင့်ကောက်ခံခြင်းမပြုတော့ဘဲ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာနှုန်းထားဖြင့်သာကောက်ခံမည့် ဝန်ဆောင်မှုလုပ်ငန်းများ

(က) ITEM NO 1. PORT DUES (a) Sea - going Vessels

(ခ) ITEM NO 2. LIGHT DUES

(ဂ) ITEM NO 3. PILOTAGE CHARGES

(ဃ) ITEM NO 4. BERTHING CHARGES FOR SEA-GOING VESSELS

(င) ITEM NO 7. STEVEDORING CHARGES

(စ) ITEM NO 11. DIRTY CARGOALLOWANCE (a) Stevedoring Labour

(ဆ) ITEM NO 12. VESSEL–S HIRE AND SALVAGE CHARGES

(ဇ) ITEM NO 13. CHARGES FOR THE SERVICES OF MOORING GANG

(ဈ) ITEM NO 14. EQUIPMENTHIRE CHARGES

(ည) ITEM NO 15. ADDITIONAL LABOUR CHARGES

(ဋ) ITEM NO 17. HANDLING CHARGES FORIMPORT CONTAINERS

(ဌ) ITEM NO 18. HANDLING CHARGES FOR EXPORT CONTAINERS

(ဍ) ITEM NO 19. HANDLING CHARGES FOR TRANSHIPMENT & RE- SHIPMENT CONTAINTERS

(ဎ) ITEM NO 20. CONTAINERS SHIFTING CHARGES

(ဏ) ITEM NO 21. CONTAINERS STORAGE CHARGES

နောက်ဆက်တွဲ (ခ)

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်ထားသည့် TARIFF AND DUES ပါ မြန်မာကျပ်ငွေ နှုန်းထားများအား နိုင်ငံခြားငွေအမေရိကန်ဒေါ်လာနှုန်းထားဖြင့် အစားထိုးပြင်ဆင်ကောက်ခံမည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဝန်ဆောင်ခနှုန်းထားများ -

(က) ITEM NO 7. NOTE(5) တွင် 'Ks 154.00 Per Gang / Per Shift' စကားရပ်အစား 'US$ 25.50 Per Gang/ Per Shift' စကားရပ်ဖြင့် အစားထိုးရန်၊

(ခ) ITEM NO 7. NOTE (7) တွင် 'Ks 15.00 Per Labour Per Shift' စကားရပ် အစား 'US $ 2.50 Per Labour Per Shift' စကားရပ်ဖြင့် အစားထိုးရန်၊

(ဂ) ITEM NO 12. NOTE (1) တွင် 'Ks 10.00 Per 100 Kilos' စကားရပ် အစား 'US $ 1.50 Per 100 Kilos' စကားရပ်ဖြင့် အစားထိုးရန်၊

(ဃ) ITEM NO 14.(g) Rope Sling Hiring Charges အပိုဒ်ခွဲငယ်(၁) ၌ ဖော်ပြထား သည့်(Per Shift Per Sling)Ks

44 အစား US $ 7.50 နှင့်အပိုဒ်ခွဲငယ်(၂)၌ဖော်ပြထား သည့်
(Per Shift Per Sling With Overtime)Ks 66 အစား US $ 11
ဖြင့် အစားထိုး ရန်။